**ဗင်နီဇွဲလား**



ဗင်နီဇွဲလား နိုင်ငံသည် တောင်အမေရိကတိုက်၏ မြောက်ဘက်ထိပ်ဆုံး နိုင်ငံများတွင် ပါဝင်၍၊ ကယ်ရေဘီယံ ပင်လယ်၊ ဂိုင်ယာနာ၊ ဘရာဇီးလ်နှင့် ကိုလံဘီယာနိုင်ငံတို့ ထိစပ်လျှက်ရှိသည်။ အီကွေတာနှင့် နီးစပ်သော နိုင်ငံ ဖြစ်၍ အပူပိုင်းဒေသတွင် ကျရောက်သည်။ ကမ္ဘာ့ရေနံချမ်းသာသော နိုင်ငံများစာရင်းတွင် ပါဝင်သော နိုင်ငံ ဖြစ်သည်။



ဗင်နီဇွဲလားတွင် လူသားများ အခြေချနေထိုင်ခံသည်မှာ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀၀ (သမ္မာကျမ်းစာ အရ အာဒံ ပေါ်သည့် နှစ်ထက် ၉၀၀၀ စော၍) နေထိုင်ခဲ့ကြောင်း ဗင်နီဇွဲလားနိုင်ငံ အနောက်ပိုင်း ရီယို ပက်ဒရီကယ် အရပ်မှ ရှေးဟောင်းသုတေသန ထူးဖေါ်ရရှိချက်များအရ သိရပေသည်။

ဗင်နီဇွဲလားအား ၁၅၂၂ ခုနှစ်တွင် ဥရောပသား စပိန်တို့ ဝင်ရောက် သိမ်းပိုက်ခဲ့၍ နှစ်ပေါင်း ၃၀၀ နီးပါး ကိုလိုနီ ဖြစ်ခဲ့ရသည်။

**အစ္စလာမ် သာသနာ**

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com



ဗင်နီဇွဲလား နိုင်ငံတွင် အစ္စလာမ် သာသနာ လူဦးရေမှာ ၁၀၀၀၀၀ (တစ်သိန်း) ခန့်ရှိ၍၊ တိုင်းပြည် လူဦးရေ၏ ၀.၄ ရာနှုန်း ဖြစ်သည်။ များသောအားဖြင့် အာရပ်နှင့် တာကက်ချ်မျိုးနွယ်များမှ ဆင်းသက်လာသူများ ဖြစ်သည်။

မြို့တော် ကာရာကာ့စ်တွင် မူဆလင် လူဦးရေ ၁၅၀၀၀ ခန့်ရှိသည်။ ရှိတ်ခ် အီဗရာဟီးမ် အလ် အီဗရာဟီးမ် ဝတ်ကျောင်းတော်မှာ လက်တင်အမေရိက၌ အကြီးဆုံး ဖြစ်သည်။ အခြားထင်ရှားသည့် အစ္စလာမ့် ဝတ်ကျောင်းတော်များနှင့် အဖွဲ့အစည်းများမှာ အီလာ မာဂါရီတာ-ကာရီဘီ ကွန်မြူနီတီ အစ္စလာမ် အသင်း ဗင်နီဇွဲလား၊ ဗင်နီဇွဲလား အစ္စလာမ် ဗဟိုစင်တာ၊ မာရာကိုင်ဘိုမှ အလ်ရောင်ဒါ ဝတ်ကျောင်းတော်။ ဗဲလ်လင်စီယားမှ ကျက်သရေဆောင် ဂျေရူဆလင် ဝတ်ကျောင်းတော် အသင်း၊  ဗာဂါစ်မှ အစ္စလာမ်မစ် စင်တာ ဝတ်ကျောင်းတော်၊ ဘိုလီဘာမှ အစ္စလာမ့် ကရုဏာ ဝတ်ကျောင်းတော် တို့ ဖြစ်၍၊ ၂၀၀၈ ခုနှစ်တွင် အခြားသော ဝတ်ကျောင်းတော်တစ်ခုကို ဖန်တို ဖီဂျိုတွင် တည်ဆောက်ခဲ့ပေသည်။

မာဂါရီတာ ကျွန်းသည် အထူးသဖြင့် မူဆလင်အများစု နေထိုင်ရာ ဒေသဖြစ်၍၊ အလ်ဂျဇီးရား ရုပ်မြင်သံကြား အစီအစဉ်နှင့် အခြားသော အရှေ့အလယ်ပိုင်းနိုင်ငံများ၏ ရုပ်မြင်သံကြား အစီအစဉ်လိုင်းများကို ဒေသခံ ရုပ်မြင်သံကြားလိုင်းများ၌ တပ်ဆင်ပေးထားပေသည်။ အရောင်းဆိုင်မှ အရောင်းစာရေးမလေးများမှာ ဟီဂျတ်ခေါ် အာရပ်အစ္စလာမ် ယဉ်ကျေးမှု ဝတ်ရုံများကို ဝတ်ဆင်ထားပြီး ဈေးဆိုင် အများစုမှ အရောင်းစားပွဲများတွင် ကျမ်းမြတ် ကုရ်အံမှ ဒေသနာတော်များကို ဖေါ်ပြထားပေသည်။ ထိုမူဆလင်များမှာ အရောင်းဆိုင်များ၊ စီးပွားရေး လုပ်ငန်းကြီးများ၊ ဘဏ်လုပ်ငန်းနှင့် ခရီးသွား အေဂျင်စီ လုပ်ငန်းများကို လုပ်ကိုင်ကြသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ကိုယ်တော် မုဟမ္မဒ်၏ ပုံပာ ကာတွန်းဆွဲသည်ကို မကျေနပ်၍-၂၀၀၆ ခု ဖေဖော်ဝါရီ ၁၁ ရက်နေ့တွင် မြို့တော် ကာရာကာ့စ်သို့ မူဆလင် လူဦးရေး ၂၀၀ ခန့်ချီတက်ကာ ဒိန်းမတ် အလံနှင့် အမေရိကန် အလံများကို မီးရှို့ဆန္ဒ ပြခဲ့ကြသည်။ ထိုနှစ် ဂျူလိုင်လ ၂၀ ရက်နေ့တွင် လက်ဘနွန်အား ကျူးကျော်တိုက်ခိုက်သည်ကို မကျေနပ်၍ ဗင် နီဇွဲလား မူဆလင် ဒါဇင်ပေါင်းများစွာက ကာရာကာ့စ်ရှိ အစ္စရေးလ်သံရုံးသို့ သွားရောက် ဆန္ဒပြခဲ့ကြသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com